# လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်တုံ့ပြန်မှု

၂၀၁၇ ဩဂုတ်

## ၁။ နိဒါန်း

### ပြင်ဆင် ဥပဒေကြမ်းအပေါ် ဒို့မြေကွန်ရက်၏ အဓိကဥပဒေသများနှင့် သဘောထားမှတ်ချက်

ဒို့မြေကွန်ရက်သည် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ် (၁၄) ခုလုံးမှ ဒေသခံ တောင်သူလယ်သမား အဖွဲ့အစည်းများ၊ မြေယာအရေးလှုပ်ရှားသည့် ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသား အခွင့်အရေး တက်ကြွလှုပ်ရှားသူများနှင့် မဟာမိတ်အဖွဲ့ပေါင်း (၆၀) ကျော် ချိတ်ဆက် ဖွဲ့စည်းထားသော တိုင်းရင်းသားပေါင်းစုံကွန်ရက်တစ်ခုဖြစ်သည်။ ဒို့မြေကွန်ရက်၏ ရည်မှန်းချက်သည် လုပ်ကွက်ငယ် မြေယာ အသုံးပြုသူများ၊ တိုင်းရင်းသားလူနည်းစုများ၊ အမျိုးသမီးနှင့် ဘေးဖယ်ကျဉ်ခံရသော အားနည်းသည့်အုပ်စု များ၏ မြေယာပိုင်ဆိုင်မှုအခွင့်အရေးများကိုမြှင့်တင်ခြင်း၊ အကာကွယ်ပေးခြင်း၊ လေးစားခြင်းနှင့် ဖြည့်ဆည်း ပေးခြင်းဖြစ်သည်။ ဒို့မြေကွန်ရက်အနေဖြင့် အမျိုးသားမြေအသုံးချမှု မူဝါဒ ရေးဆွဲခြင်းဖြစ်စဉ်တွင် ထိရောက်သော လူထုတွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခြင်းနှင့် သဘောထားရပ်တည်ချက်များထားရှိကာ တက်ကြွစွာ ကွန်ရက်အတွင်း စုပေါင်းပါဝင်လှုပ်ရှားခဲ့သည်။

မြေယာကို ကုန်ပစ္စည်း/ရောင်းကုန်တစ်ခုကဲ့သို့ ပြုမူလုပ်ဆောင်ခြင်းကို ဒို့မြေကွန်ရက်မှ ဆန့်ကျင်ပါသည်။ မြေယာစုစည်းခြင်းနှင့် လက်ဝါးကြီးအုပ် ဈေးကစားခြင်းတို့ကိုလည်းဆန့်ကျင်သည်။ မြေမဲ့ယာမဲ့များသို့ မြေယာ ပြန်လည်ဝေမျှခြင်း၊ ယခင်ကတည်းက နေထိုင်/လုပ်ကိုင်လာခဲ့ကြသည့်မြေများမှ ပဋိပက္ခ၊ စစ်ရေး စစ်ရာ၊ အကြီးစားစီမံကိန်းကြီးများ၊ မြေယာသိမ်းယူခံရခြင်းနှင့် မြေယာလက်ဝါးကြီးအုပ်ခြင်းတို့ကြောင့် မိမိတို့၏မြေယာဆုံးရှုံးရသူများကို မြေယာများပြန်လည်ဖြည့်ဆည်းပေးအပ်ခြင်းတို့ကို ယုံကြည်လုပ်ဆောင် ပါသည်။ အားလုံးအတွက် ဒီမိုကရက်တစ် စည်းမျဉ်းဥပဒေသများနှင့် လူမှုတရားမျှတမှုများ ထည့်သွင်း စဉ်းစားလျက် တိုင်းရင်းသားပြည်သူများနှင့် အခြားသော ဓလေ့ထုံးတမ်း လူမှုအသိုင်းအဝိုင်းများ၏ မတူ ကွဲပြားသော ထုံးတမ်းစဉ်လာအလေ့အထများအတွက် သင့်လျော်ကောင်းမွန်သောမြေယာမူဝါဒစနစ်တစ်ခု ပေါ်ပေါက်ရန်အတွက် ဒို့မြေကွန်ရက်မှ အကြံပြုစည်းရုံးဆောင်ရွက်မှုများ လုပ်ဆောင်ပါသည်။ ဤသို့ အောင်မြင်မှုရဖို့ရာ အဆင့်ဆင့်သော အစိုးရအဖွဲ့များ၊ လွှတ်တော်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့်အတူ ပေါင်းစပ်ညှိနှိုင်း တွန်းအားပေးမှုများလုပ်ဆောင်ရန် ဒို့မြေကွန်ရက်မှ ကြိုးစားနေပါသည်။

ဇူလိုင်လ ၂၀၁၇-ခုနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ် (၁၄) ခုမှ ဒို့မြေကွန်ရက်၏ ကိုယ်စားလှယ်-၉၀ တို့သည် လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်ဆန်းစစ်သုံးသပ်ခဲ့ကြပြီး မိမိတို့၏ပြန်လည် ဆွေးနွေးချက်များနှင့် သဘောထားရပ်တည်မှုများကို စုပေါင်းဆွေးနွေးခဲ့သည်။ ယခု သုံးသပ်တင်ပြမှု စာတမ်းသည် ဤဆွေးနွေးမှု၏ရလဒ် ဖြစ်ပါသည်။

သိပြီးဖြစ်ကြသည့်အတိုင်း ၂၀၁၁-ခုနှစ်တွင် မြန်မာအစိုးရသည် မြန်ဆန်သော စီးပွားရေးလွတ်လပ်မှုများ စတင်လုပ်ဆောင်ခဲ့ပြီး ကျယ်ပြန့်သောအတိုင်းအတာတစ်ခုထိ ပြည်ပစီးပွားရေးလုပ်ငန်းများ၏ အာရုံစိုက်မှု ရရှိခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသားများ၏ နယ်စပ်ဒေသများ၌ ပြည်ပတင်ပို့မှုကိုရှေးရှုသည့် ပမာဏ ကြီးမားသောထုတ်လုပ်မှုလုပ်ငန်းများ၊ အကြီးစားစိုက်ပျိုးရေးလုပ်ငန်းကြီးများ၊ အကြီးစားစွမ်းအင်ထုတ်လုပ်မှု

လုပ်ငန်းများနှင့် ဇရာမ အခြေခံအဆောက်အအုံလမ်းပန်းဆက်သွယ်ရေးစီမံကိန်းများအတွက် အကြီးစား ရင်းနှီးမြှုပ်နှံမှုများကိုစွဲဆောင်ရန် အားထုတ်ကြိုးစားခဲ့သည်။ ထို့ပြင် ယင်းသို့လုပ်ဆောင်ရန် ၂၀၁၂ ခုနှစ်တွင် (နိုင်ငံတော်သမ္မတ) ဦးသိန်းစိန်အစိုးရက လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေတို့ကိုပြဋ္ဌာန်းခဲ့ပါသည်။ လယ်ယာမြေဥပဒေမှ လုပ်ပိုင်ခွင့်ပြုလက်မှတ်များနှင့်အတူ မြေယာဈေးကွက်တွင် လယ်ယာမြေများဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် လွှဲပြောင်းပေးခြင်းများလုပ်ဆောင်နိုင်ရန် ပံ့ပိုးပေးခဲ့သည်။ တစ်ဆက်တည်းတွင် မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှ တရားဝင်အားဖြင့် မှတ်ပုံတင်ထားခြင်းမရှိသော မြေယာအားလုံးကို အစိုးရက ပြည်တွင်းနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများသို့ ပြန်လည်ခွဲဝေချထား ပေးနိုင်ဖို့ရန် ပံ့ပိုးပေးခဲ့သည်။

ဒို့မြေကွန်ရက်အဖွဲ့ဝင်များ၏အတွေ့အကြုံအရ ၎င်းဥပဒေနှစ်ရပ်သည်ဒွန်တွဲရှိကြပြီး ကျေးလက်နေလုပ်သားပြည်သူ (တောင်သူလယ်သမားများ၊ တံငါသည်များ၊ သစ်တောအတွင်းနေထိုင်သူများ) များစွာတို့အား ၎င်းတို့၏ မြေယာအခွင့်အရေးရှိမှုအားပိတ်ပင်ရန် နိုင်ငံတစ်ဝန်း၌ အစွမ်းထက်သော လက်နက်များအဖြစ် အသုံးတော်ခံလျက်ရှိကြပါသည်။ လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ရရှိဖို့ ကြိုးစားရာတွင် အခက်အခဲများ အကြီးအကျယ်ကြုံတွေ့ခဲ့ကြရသည်၊ အချို့လျှောက်ထားမှုများ ငြင်းပယ်ခြင်းခံခဲ့ကြရသည်။ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်စနစ်များ ကျင့်သုံးလျက်ရှိကြသူများစွာတို့သည် ၎င်းတို့၏ မြေယာများကို အခြားသူများ (အများအားဖြင့် စီးပွါးရေးလုပ်ငန်းများလုပ်ကိုင်ကြပြီး ဒေသန္တရ၊ တိုင်း/ပြည်နယ်နှင့် အမျိုးသားအဆင့် အထက်တန်းလွှာလူ့မလိုင်များ၊ အာဏာပိုင်များနှင့်ချိတ်ဆက်လျက် ရှိကြသူများ) အား လုပ်ပိုင်ခွင့်ချထားပေးခြင်းကြုံတွေ့ခဲ့ကြရသည်။ ၂၀၁၂-ခုနှစ်မှစ၍ မြေယာသိမ်းယူခြင်းဖြစ်စဉ်များစွာကို ဒို့မြေကွန်ရက်၏သုတေသနစာတမ်းမှ အထောက်အထားပြုခဲ့သည်။ ဖြစ်စဉ် ထက်ဝက်ခန့်တွင် တရားဝင်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရှိကြသူများပါဝင်နေကြသည်၊ ၎င်းလက်မှတ်များက ဒေသခံပြည်သူများ၏ မြေယာသိမ်းယူခံရမှုကိုဆန့်ကျင်၍ အာမခံမရှိကြကြောင်း ရှင်းရှင်းဖော်ပြနေကြသည်။[1]

ကျွန်ုပ်တို့၏ တိုက်ရိုက်အတွေ့အကြုံအရ မည်သည့်ဥပဒေကမျှ ကျေးလက်နေပြည်သူတို့၏ ပြင်းပြသောဆန္ဒ၊ အကျိုးစီးပွါးနှင့် အခွင့်အရေးများကို ထည့်သွင်းထားခြင်းမရှိကြချေ၊ ၎င်း ကျေးလက်ပြည်သူတို့သည် မြေယာပေါ် အမှန်တကယ်နေထိုင်/လုပ်ကိုင်လျက်ရှိကြသည် (သို့မဟုတ် ပိတ်ပင်မခံရမီ နေထိုင်/ လုပ်ကိုင်ခဲ့ကြသည်။) ၂၀၁၂-မြေယာဥပဒေ နှစ်ခုလုံးသည် ထိရောက်စွာပြန်လည်သုံးသပ်ပြင်ဆင်ရေးဆွဲရန် အမှန်လိုအပ်ကြသည်။ မိမိတို့၏ အဓိကကျသောစိုးရိမ်ပူပန်မှုများနှင့် သဘောထားထောက်ခံချက်များမှာ အောက်တွင်ဖော်ပြထားသည့်အတိုင်းဖြစ်ပါသည်။ အထူးတလည်ဖြစ်သော အချို့ ပြဋ္ဌာန်းချက်များကို ဖျက်ပယ်ပစ်ရန်လိုအပ်ကြောင်း သို့မဟုတ် သိသာထူးကဲစွာပြန်လည်သုံးသပ်ပြင်ဆင်သင့်ကြောင်း ရည်ညွှန်းထားသည်။ ဤသည်မှာ အကုန်အစင်ပြည့်စုံသော စာရင်းတစ်ခုတော့ မဟုတ်ပါ။

သို့ဖြစ်ရာ တည်ဆဲ လယ်ယာမြေဥပဒေကို ပြန်လည်ပြင်ဆင်ရန် မည်သည့် ကနဦးကြိုးပမ်းအားထုတ်မှုကိုမဆို ကျွန်ုပ်တို့ ကြိုဆိုပါသည်။ လက်ရှိ အဆိုပြုတင်ပြထားသော ပြင်ဆင်ချက်များ၏သဘာဝနှင့် လက္ခဏာတို့သည် အမှန်တကယ် လိုအပ်သည့်အရာများ မပါဝင်သေးပါ။ ၎င်းပြင်ဆင်ချက်များသည် တည်ဆဲဥပဒေ၏ ပကတိအားနည်းချက်အစစ်များကို ကိုင်တွယ်မဖြေရှင်းနိုင်သေးသည့်အပြင် မြေယာ စည်းမျဉ်းစည်းကမ်းများကို မှားယွင်းသောဦးတည်မှုဆီသို့ပင် ရောက်သွားစေသည်။

---

[1] "မြေယာ လုယက်သိမ်းယူမှုများအားဖြင့် ပြည်သူ့ဘဝများကို ဖျက်ဆီးကြခြင်း- မြန်မာပြည်တစ်ဝှမ်း မြေယာသိမ်းယူမှု အကျိုးဆက်လေ့လာ ဆန်းစစ်ချက်များ" အစီရင်ခံစာကို ဒို့မြေကွန်ရက်မှ ဒီဇင်ဘာ ၂၀၁၇ တွင် ထုတ်ပြန်ခဲ့သည်။

# ၂။ လယ်ယာမြေဥပဒေပြင်ဆင်ချက်အပေါ် ဒို့မြေကွန်ရက်၏ အဓိကကျသော စိုးရိမ်ပူပန်မှုများနှင့် အကြံပြုချက်များ

*မြေယာဆိုင်ရာ အခွင့်အရေး*

မြေယာပေါ်တွင် အမှန်တကယ်နေထိုင်/လုပ်ကိုင်ကြပြီး မြေယာကိုစောင့်ရှောက်ကြသူများသာ ၎င်း မြေယာကိုပိုင်ဆိုင်သည်ဟု ဒို့မြေကွန်ရက်မှယုံကြည်ထားသည်။ ယင်းသို့သောသူများနှင့် လူ့အသိုင်းအဝိုင်း များသည် မြန်မာလူမှုအဖွဲ့အစည်း၏ အမာခံကျောရိုးဖြစ်ကြသည်။ ၎င်းတို့သည် လူဦးရေစုစုပေါင်းတွင် ၇၀% ပါဝင်ကြသည်။ ၎င်းတို့သည် ငြိမ်းချမ်းသော၊ သာယာဝပြောသော၊ စဉ်ဆက်မပြတ် ရေရှည် **တည်တံ့သော** အနာဂတ်တစ်ခု၏ အဓိကဖြစ်ပြီး မူဝါဒနှင့် ဥပဒေတို့၌ ဦးစားပေးခံသင့်ကြသူများ ထဲတွင်လည်း အပါအဝင်ဖြစ်ကြသည်။ ထို့အတွက်ကြောင့် လယ်ယာမြေဥပဒေသည် ပြည်သူများ လက်ခံနိုင်ဖွယ်ရှိရန်အလို့ငှာ အောက်ပါကိစ္စရပ်များ ပါဝင်သင့်သည် -

၁။ နိုင်ငံတော်နှင့် အမြင့်ဆုံးသောဖြစ်သော နိုင်ငံတော်အစိုးရတို့သည် ပြည်သူတို့ထံမှ ဆင်းသက်လာ ကြသည်။ ထို့ကြောင့် ပြည်သူတို့သည် မြေယာအားလုံး၏ မူရင်းပိုင်ရှင်များဖြစ်ကြသည်။ ပုဒ်မ-၆ (က) ၏ ပုဒ်မခွဲငယ်-၅ ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရမည့်သူသည် နိုင်ငံသားဖြစ်ရမည်ဟု ပြဋ္ဌာန်း ထားသည်။ *သို့ရာတွင် မြေယာစုဖွဲ့သွားခြင်း၊ မြေယာမညီမျှမှုနှင့် မြေမဲ့ယာမဲ့ဖြစ်မှုတို့ကို ကြိုတင်ကာကွယ် ဖို့ငှာ မြေယာပေါ်တွင် အမှန်တကယ်နေထိုင်/လုပ်ကိုင်ကြသူများက ၎င်းမြေယာကိုပိုင်ဆိုင်ရမည်။* ထို့ကြောင့် အောက်ပါ အဓိကအချက်များကို ဖြည့်စွက်သင့်သည်-

(က) မြေယာသယံဇာတရင်းမြစ်များ၊ မြေယာအခွင့်အရေးများနှင့် ဆုံးဖြတ်ပိုင်ခွင့်တို့၌ တန်းတူ အခွင့်အလမ်းများ ပေးသင့်သည်၊

(ခ) လယ်ယာစိုက်ပျိုးမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသော မြေမဲ့ယာမဲ့ပြည်သူများအား မြေယာပိုင်ဆိုင်ခွင့်ပေးသင့်သည်၊

(ဂ) အသက်(၁၈)နှစ်အောက် တောင်သူလယ်သမားများသည် မြေယာနှင့်ပတ်သက်သော အခွင့်အရေးရရှိပြီး ယင်းကို အသိအမှတ်ပြုသင့်သည်၊

(ဃ) ပဋိပက္ခ၊ စစ်ရေးစစ်ရာ၊ မြေယာသိမ်းပိုက်ရယူသွားခြင်း၊ သဘာဝ ဘေးအန္တရာယ်များ သို့မဟုတ် အခြားသော အကြောင်းတရားများကြောင့် မိမိတို့၏မြေယာကို စွန့်ခွာသွားကြရ ပြီးနောက် ၎င်းတို့၏လူ့အသိုက်အဝန်းသို့ပြန်လည်အခြေချရန်ပြန်လာကြသော နေရပ်စွန့်ခွာ တိုင်းရင်းသားလူမျိုးစုများအတွက် မိမိတို့၏လယ်ယာမြေများ ပြန်လည်လုပ်ကိုင်ရန်အခွင့် အရေးနှင့် ၎င်းတို့လိုလားသော မူလမြေယာများပေါ်တွင် နေထိုင်ခွင့်ရရှိစေသင့်သည်။ ယင်းသို့သောကိစ္စရပ်များအတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် စနစ်တကျ စီစဉ်ပေး သင့်သည်။

(င) မြေယာသိမ်းဆည်းခြင်းရှိမည်ဆိုလျှင် တောင်သူလယ်သမားများ ဆုံးရှုံးနစ်နာမှု မရှိစေရေး အတွက် အစိုးရမှ မျှတမှု၊ တာဝန်ခံမှု တာဝန်ယူမှုတို့နှင့်အတူ ကောင်းမွန်သောမြေယာကို အစားပေးသင့်သည်။ တောင်သူလယ်သမားတို့၏ (လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး) ဘဝ ရေရှည်တည်တံ့ဖွံ့ဖြိုးမှုသေချာစေရန် အထူးသီးသန့်ဖြစ်သော၊ ပွင့်လင်း

မြင်သာသော အာမခံမှုများကိုလည်း ထုတ်ပြန်သင့်သည်။ မြေယာသိမ်းဆည်းခံခဲ့ရသော တောင်သူလယ်သမားတို့၏ တည်ငြိမ်သော ဘဝနှင့် သက်မွေးဝမ်းကျောင်းမှုအတွက် မြေအစား ပြန်ရရှိခွင့်၊ မြေယာလျော်ကြေးနှင့် အခြားသောအကျိုးခံစားခွင့်များရှိသင့်သည်။

(စ) ပုဂ္ဂိုလကတစ်ဦးချင်းအားဖြင့်၊ စီးပွားရေးလုပ်ဆောင်မှုအနေဖြင့် မြေယာအများဆုံးပမာဏ ရရှိခွင့်ကို ကန့်သတ်ထားသင့်သည်။ ထိုကန့်သတ်မှုသည် ဒေသခံမြေယာအသုံးပြုမှုအပေါ် အခြေခံ၍ အများပြည်သူသဘောတူညီမှုနှင့်အတူ ပွင့်လင်းမြင်သာစွာဖြင့် သတ်မှတ်သင့်သည်။

***လယ်ယာမြေ ဥပဒေ၏ ပုဒ်မ အချို့အပေါ် သဘောထားမှတ်ချက်များ***

- လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏အခွင့်အရေးများ အခန်း(၃)အောက်ရှိ ပုဒ်မ-၉ ၌ တောင်သူလယ်သမားတို့၏ အခွင့်အရေးများကို ကန့်သတ်ဖော်ပြထားသည်။ ထိုအခွင့်အရေးများသည် လုပ်ကွက်ငယ်တောင်သူလယ်သမားတို့၏ အခွင့်အရေးများထက်စာလျှင် ချမ်းသာသောပုဂ္ဂိုလ်တို့မှ အခွင့်အရေး ပိုမိုရရှိအောင် အထောက်အကူပေးသည်။
- တောင်သူလယ်သမားဟူသော အထူးဖော်ပြထားသော အဓိပ္ပါယ်ဖွင့်ဆိုချက်များ ဖော်ပြထားသော လယ်ယာမြေဥပဒေ အခန်း-၁၊ ပုဒ်မခွဲ-၃ (င)၊ ပုဒ်မခွဲငယ်-၃၊ ၄ နှင့် ၅ တို့ကို ဖြုတ်ပစ်သင့်သည်။ ဤဖော်ပြချက်တွင် အရင်းအနှီးထုတ်ခြင်း သို့မဟုတ် ကြီးကြပ်ခြင်း သို့မဟုတ် မျိုးနှင့် မျိုးစေ့များ ထုတ်လုပ်ရောင်းချခြင်းပြုလုပ်သူမပါဝင်ပါ။ ပုဒ်မ (၃) ပုဒ်မခွဲ (င) အပိုဒ်ခွဲ (၁) ကို ပြင်ဆင်မည့် အဆိုပြုမှု၌ ***အစဉ်တစိုက်*** ဟူသော ဖော်ပြချက်ကို ဖြုတ်ပစ်ခြင်းသည် လက်ခံနိုင်စရာမရှိပါ။
- ပုဒ်မ (၃)၊ ပုဒ်မခွဲ (င) ပုဒ်မခွဲငယ် (၂) ၌ မွေးမြူရေးလုပ်ငန်း ဟူသော ဖော်ပြချက်သည် တောင်သူလယ်သမားတစ်ဦး၏ အသေးစား (တစ်ပိုင်တစ်နိုင်) မွေးမြူရေးလုပ်ငန်းသာ ဖြစ်သင့်သည်။

၂။ တောင်သူလယ်သမားများသည် အသင်းအဖွဲ့ လွတ်လပ်စွာဖွဲ့စည်းရန်နှင့် ၎င်းတို့အချင်းချင်း စည်းရုံးရန်အခွင့်အရေးသာမက မြေယာအသုံးပြုမှုနှင့် မြေယာစီမံခန့်ခွဲမှု လုပ်ငန်းများတွင် အဆုံးအဖြတ်ပြုရာ၌ ပါဝင်ခွင့်၊ ဆွေးနွေးခွင့်၊ ဆုံးဖြတ်ခွင့် ရရှိသင့်ကြသည်။

(က) ပုဒ်မ (၃) ပုဒ်မခွဲ (ည) ပါ တောင်သူလယ်သမားအဖွဲ့အစည်း ဖော်ပြချက်သည် ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်းအစား တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို အထောက်အကူပြုသင့်သည်။ *တောင်သူလယ်သမားအဖွဲ့အစည်းသည် ဥပဒေတစ်ရပ်ရပ်အရဖွဲ့စည်းထားသော တောင်သူလယ်သမားအဖွဲ့အစည်း*ဟူ၍ အဓိပ္ပာယ်သက်ရောက်စေသည်ဆိုလျှင် ရည်ညွှန်းသောဥပဒေများကို ရှင်းလင်းစွာဖော်ပြရန် လိုအပ်ပါသည်။

(ခ) ပုဒ်မ(၃၈)တွင် တောင်သူလယ်သမားအဖွဲ့အစည်း ဖွဲ့စည်းနိုင်သည်ဟူသော စကားရပ်ကို တောင်သူလယ်သမားသမဂ္ဂများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ရှိသည်ဟူသော စကားရပ်နှင့် အစားထိုးသင့်သည်။

၃။ တောင်သူလယ်သမားများသည် ၎င်းတို့၏လယ်ယာမြေများပေါ်တွင် မည်သည့်သီးနှံမဆို လွတ်လပ်စွာ စိုက်ပျိုးခွင့်ရှိသင့်ကြသည်။

၄။ မြေယာအသုံးပြုမှုနှင့်ဆက်နွယ်သော သဘောတူညီမှုများကို နိုင်ငံတကာစံချိန်စံနှုန်းအရ (လွတ်လပ်သော၊ ဦးစားပေးသော၊ ကြိုတင်သတင်းပေးသော လိုက်လျောသဘောတူညီချက် ရယူမှု- FPIC) အကောင်အထည်ဖော်သင့်သည်။ တောင်သူလယ်သမားများသည် သဘောတူညီမှုများကိုလေ့လာရန်၊ ဝေဖန်ဆန်းစစ်ရန်၊ ချင့်ချိန်တွက်ဆရန် အခွင့်အရေးရရှိသင့်ကြသည်။ မြေယာအသုံးပြုသည် စီမံကိန်း တစ်ခုခုအတွက်ဖြစ်လျှင် တောင်သူလယ်သမား၏ လိုက်လျောသဘောတူညီချက်ကို ဖိအားပေးခြင်း သို့မဟုတ် အင်အားသုံးအနိုင်အထက်ပြု၍ရယူခြင်းမဟုတ်ဘဲ လွတ်လပ်မှုတစ္စာရယူသင့်သည်။

(က) လယ်ယာမြေဥပဒေ ပုဒ်မ(၄၂)၏ ပုဒ်မခွဲ (က) နှင့် (ခ) တို့အပြင် အောက်ပါ ဖော်ပြချက်များထပ်မံဖြည့်စွက်သည် - "တောင်သူလယ်သမားများသည် သက်ဆိုင်သောသတင်း အချက်အလက်အားလုံးကို ပွင့်လင်းမြင်သာသောနည်းလမ်းတစ်ခုခုဖြင့် ရရှိသင့်သည်၊ ၄င်းတို့၏သဘောတူညီမှုကိုလည်း အကောင်အထည်မဖော်မီ ရယူသင့်သည်"။

(ခ) တောင်သူလယ်သမားများသည် မြေယာအသုံးပြုမှုဆိုင်ရာ သဘောတူညီမှုများနှင့် သက်ဆိုင်သော သတင်းအချက်အလက်ကို အလွယ်တကူပွင့်လင်းမြင်သာစွာ ရရှိခွင့် ရှိသင့်သည်။

၅။ မြေယာအသုံးပြုမှုအဆုံးအဖြတ်ပြုရာတွင် တောင်သူလယ်သမားတို့၏အကျိုးစီးပွားများနှင့် ပုဂ္ဂလိက ကုမ္ပဏီများ၏အကျိုးစီးပွားများယှဉ်ပြိုင်လာလျှင် တောင်သူလယ်သမားတို့၏ အကျိုးစီးပွားများကို ဦးစား ပေးခြင်း ဖြစ်သင့်သည်။

၆။ အခြားသော အဓိကကျသည့်ကိစ္စရပ်အချို့မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပုဒ်မ (၃၉) ၌ "ဤဥပဒေအရ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တွင် တာဝန်ပေးခြင်း ခံရသောအဖွဲ့ဝင်များသည် ပြည်သူ့ဝန်ထမ်းများဖြစ်ကြသည်"ဟူ၍ ဖော်ပြထားသော်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်ကြသောတောင်သူလယ်သမားများသည် ပြည်သူ့ဝန်ထမ်းများ မဟုတ် ကြပါ။ ထို့ကြောင့် အစိုးရ၏ဩဇာလွှမ်းမိုးမှုအောက်တွင် အခွင့်အရေးရှိကြမည်မဟုတ်ပဲ လွတ်လပ်စွာ ရပ်တည်စေသင့်ပါသည်။

(ခ) ပုဒ်မ (၄၀) ၌ "လယ်ယာမြေဥပဒေ၊ နည်းဥပဒေတို့အရဆောင်ရွက်ရသည့် မည်သည့် ကိစ္စရပ်မဆိုအတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ အဖွဲ့ဝင်များကို မည်သည့် တရားရုံး၌ဖြစ်စေ တရားစွဲဆိုခွင့်ရှိသည်" ဟူ၍ အစားထိုးသင့်သည်။ ***သဘောရိုးဖြင့်*** ဆိုသော စကားရပ်သည် အဓိပ္ပာယ်ကျယ်ဝန်းလှသည်၊ ၄င်းကို မည်သူကဖြစ်စေ မိမိ လိုလားသည့်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

***ဖေလေ့ထုံးတမ်း မြေယာ အုပ်ချုပ်စီမံမှု***

စိုက်ပျိုး-ဂေဟအခြေအနေများ၊ ဓလေ့ထုံးတမ်းအလေ့အထများနှင့် ဓလေ့ထုံးတမ်း ဥပဒေများအပေါ် အခြေခံ၍ မတူကွဲပြားသော အလေ့အထများအရ ဒေသခံပြည်သူများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အသိုင်း

အစိုးရတို့က နိုင်ငံတစ်ဝန်းရှိ မြေယာ၊ ရေ၊ ငါးလုပ်ငန်းနှင့် သစ်တောများကို လုပ်ကိုင်ကြသည်၊ အသုံးပြုကြသည်၊ အုပ်ချုပ်စီမံကြသည်။ မြန်မာအစိုးရကလည်းလိုလားကြောင်း လက်မှတ်ရေးထိုးထားသည့် အမျိုးသားစားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ မြေယာ၊ သားငါး၊ သစ်တောတို့နှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များ စီမံခန့်ခွဲရာတွင် လိုက်နာသင့်သည့်လမ်းညွှန်ချက်များ (VGGT) မှ ဓလေ့ထုံးတမ်းစနစ်များ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအပါအဝင် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်စနစ်များကို အပြည့်အဝအသိအမှတ်ပြုရန် ရှင်းရှင်းလင်းလင်းဖော်ပြတောင်းဆိုထားသည်။ ဤဥပဒေသကို အခြားသော နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်စာတမ်းများ (ကမ္ဘာ့အလုပ်သမား အဖွဲ့-ILO-၏ ကွန်ဗင်းရှင်း-၁၆၉၊ ကုလသမဂ္ဂ၏ တိုင်းရင်းသားလူမျိုးစုအခွင့်အရေးများဆိုင်ရာကြေညာချက်-UNDRIP အပါအဝင်) တို့က အထောက်အကူပြုထားကြသည်။ ထိုသို့သောအကြောင်းအချက်များကြောင့် လယ်ယာမြေဥပဒေတွင်လည်း အောက်ပါအချက်များကို ပါဝင်စေသင့်ပါသည် -

(၁) ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်၊ မြေယာအခွင့်အရေးများ၊ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ အလေ့အထများနှင့်အညီ ၎င်းတိုင်းရင်းသားလူမျိုးတို့၏ လွတ်လပ်သော ဓလေ့ထုံးတမ်းမြေယာအုပ်ချုပ်စီမံမှုတို့ကို အပြည့်အဝအသိအမှတ်ပြု၊ လေးစား၊ အကာအကွယ်ပေးရန် အာမခံသင့်သည်။ အောက်ပါပြဋ္ဌာန်းချက်များမှာ ထိုအချက်နှင့်ဝိရောဓိဖြစ်နေကြပြီး ၎င်းတို့ကိုပယ်ဖျက်သင့်သည် -

- (က) အခန်း(၂) ပုဒ်မ(၄)နှင့်(၅) တို့ပါ လယ်ယာမြေကို အသုံးပြုရန် အခွင့်အရေးရှိသူသည် လယ်ယာမြေအသုံးပြုခွင့်လျှောက်ထားရသည့် လုပ်ငန်းစဉ်သည် ဓလေ့ထုံးတမ်း မြေယာအခွင့်အရေးများနှင့် ဝိရောဓိဖြစ်နေသည်။
- (ခ) ပုဒ်မ (၆) ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ (၇) ပုဒ်မခွဲ(က)တို့သည် လယ်ယာမြေသိမ်းဆည်းခြင်းကို အားပေးအားမြှောက်ပြုထားသည်၊ ၎င်းသည် ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်ခွင့်နှင့် ဝိရောဓိဖြစ်နေသည်၊
- (ဂ) တိုင်းရင်းသားလူမျိုးတို့၏ဒေသတို့၌ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမရှိပါ၊ မြေယာအားလုံးသည် အများဘုံပိုင်မြေယာများ၊ ရပ်ရွာအသိုင်းအဝိုင်းပိုင်မြေယာများ ဖြစ်ကြသည်။ ၎င်းသည် ပုဒ်မ (၃၄) ပြဋ္ဌာန်းချက်နှင့် ဝိရောဓိ ဖြစ်နေသည်။

(၂) ဒေသခံ ရပ်ရွာအသိုင်းအဝိုင်း ထုံးတမ်းစဉ်လာများအရ ဓလေ့ထုံးတမ်း မြေယာအလေ့အထများ၊ အမွေဆက်ခံမှုများ၊ မြေယာအသုံးပြုမှုခွဲဝေ(မျှဝေ)ခြင်းနှင့် ဆုံးဖြတ်ချက်များကို အစိုးရမူဝါဒများနှင့် ဥပဒေပြုခြင်းတို့က အသိအမှတ်ပြု၊ မြှင့်တင်၊ ကာကွယ်ပေးသင့်သည်။

## *လယ်ယာမြေ စီမံခန့်ခွဲခြင်း*

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့ကို အကျိုးစီးပွားသက်ဆိုင်သူစစ်စစ်များ (တောင်သူလယ်သမားအသင်းအဖွဲ့များ၊ တိုင်းရင်းသားလူမျိုးစုများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လယ်ယာမြေ ကျွမ်းကျင်ပညာရှင်များ စသည်) ဖြင့် ဖွဲ့စည်းရမည်ဟု ဒို့မြေကွန်ရက်မှ ရှုမြင်သုံးသပ်သည်။ ကော်မတီအဖွဲ့ဝင်များမှ ကော်မတီ၏အတွင်းရေးမှူးကို ရွေးချယ်တာဝန်ပေးသင့်သည်။